SHWE TAUNG
CEMENT CO.,LTD.

**သတင်းထုတ်ပြန်ချက်**

## ရွှေတောင်ဘိလပ်မြေစက်ရုံ၏ စွန့်ပစ်အပူသုံး လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းစီမံကိန်း

၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့၊ ရွှေတောင်ဘိလပ်မြေကုမ္ပဏီသည် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ရှိ အပါချီဘိလပ်မြေစက်ရုံအတွက် စွန့်ပစ်အပူသုံးလျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းစီမံကိန်း **(WHRPG)** အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အပါချီဘိလပ်မြေစက်ရုံသည် လက်ရှိတွင် ဘိလပ်မြေထုတ်လုပ်မှု တစ်နေ့လျှင် တန် ၁၅၀၀ နှင့်လည်ပတ်လျက်ရှိပြီး တစ်နေ့လျှင် တန် ၄၀၀၀ ထုတ်လုပ်နိုင်သည့် ဒုတိယလိုင်းအား တိုးချဲ့လျက်ရှိပါသည်။

၎င်းစီမံကိန်းသည် မြန်မာနိုင်ငံ လျှပ်စစ်ဓါတ်အားပြတ်လပ်မှုကို လျှော့ချရန်နှင့် ကုမ္ပဏီအနေနှင့်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု လျော့ကျခြင်းအား အထောက်အကူပြုစေပါသည်။ စွန့်ပစ်အပူသုံး လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်း စီမံကိန်းအကောင်အထည်ဖော်ပြီးပါက ဘိလပ်မြေတစ်တန်လျှင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုသည် လက်ရှိထက် ၁၇% လျော့နည်းသွားပါလိမ့်မည်။

စုစုပေါင်း **(၈.၈)** မဂ္ဂါဝပ် စွမ်းအင်ရှိသည့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓါတ်အားထုတ်လုပ်နိုင်သည့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓါတ်အား ယူနစ်နှစ်ခုအား ရွှေတောင်ဘိလပ်မြေစက်ရုံ၏ ပထမလိုင်းနှင့် ဒုတိယလိုင်း နှစ်ခုစလုံးတွင် အသီးသီးတပ်ဆင်ရန် အဆိုပြုထားပါသည်။ စီမံကိန်းမှရရှိသော လျှပ်စစ်ဓာတ်အား များအား စက်ရုံလည်ပတ်ရန်အတွက်သာ ပြန်လည်အသုံးပြုသွားမည်ဖြစ်ပါသည်။

စွန့်ပစ်အပူသုံး လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းစီမံကိန်းအတွက် ဘိလပ်မြေစက်ရုံ၏ တည်ရှိနေပြီးသော နယ်မြေဧရိယာအတွင်း၌သာ တပ်ဆင်သွားမည်ဖြစ်သဖြင့် အဆိုပါစီမံကိန်းအတွက် မြေနေရာအသစ်ထပ်မံ၍ လိုအပ်ခြင်းမရှိပါ။ သဘာဝအတိုင်းတည်ရှိသည့် နေရင်းဒေသများအားလည်း တိုက်ရိုက်ဆုံးရှုံးမှုရှိမည်မဟုတ်ပါ။

ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏ စွန့်ပစ်အပူသုံး လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းစီမံကိန်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ **(IEE)** ကိုဆောင်ရွက်ရန် **Environmental Resources Management (ERM) Hong Kong** မှ တတိယအဖွဲ့အစည်းအဖြစ်တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ရွှေတောင်ဘိလပ်မြေကုမ္ပဏီသည် စွန့်ပစ်အပူသုံးလျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းစီမံကိန်းအတွက် စီမံကိန်း အဆိုပြုလွှာအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း **(IEE)** အပြီးသတ် အစီရင်ခံစာအား တင်ပြခဲ့ပါသည်။

ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏ စွန့်ပစ်အပူသုံး လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းစီမံကိန်းအတွက် ဆောက်လုပ်ရေးလုပ်ငန်းစဥ်များအား **Shanghai Conch Kawasaki Engineering Co., Ltd** မှ တာဝန်ယူဆောင်ရွက် လျက်ရှိပါသည်။ အဆိုပါစီမံကိန်းအား ၂၀၁၉ ခုနှစ် မေလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ခုနှစ် မတ်လတွင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမည်ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် မေလတွင် လုပ်ငန်းစတင် လည်ပတ်ရန် ရည်ရွယ်ပါသည်။

**ERM** သည် စီမံကိန်းဆိုင်ရာ အသေးစိပ်ဖော်ပြချက်၊ ပတ်ဝန်းကျင်ဆိုင်ရာဖော်ပြချက်၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသက်ရောက်မှုများအား ဆန်းစစ်ခြင်းများနှင့် သက်ရောက်မှုလျော့ကျစေရန် တိုင်းတာရေးနည်းစနစ်များအား အစီရင်ခံစာအတွင်းတွင် ဖော်ပြထားရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန် ထားသည့် ပတ်ဝန်းကျင်သက်ရောက်မှုအကဲဖြတ်ခြင်း **(EIA)** ဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေ အပိုဒ် (၃၈)အရ ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏ စွန့်ပစ်အပူသုံးလျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းစီမံကိန်းအတွက် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာ **(IEE)** အား ထုတ်ပြန်ကြေညာထားပြီးဖြစ်ပြီး ဤနေရာတွင် **Download** ရယူနိုင်ပါသည်။

**သတင်းပိုင်းဆိုင်ရာဆက်သွယ်မေးမြန်းလိုပါလျှင် -**

**ဦးအောင်နိုင်ညီ**

**သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာဌာနမှူး**

**ဖုန်း - ၀၉ ၂၅၅၁၁၁၄၁၅**

**အီးမေးလ် - info@shwetaungcement.com**